Highlight from DVB Biz Debate’s farmers Loan show

19 August 2017

Do subsidies make farmers more effective?

-------------------------------------------------------------------------------------------------

“ရာသီပေါ်တဲ့အချိန်မှာမဖြစ်မနေဆပ်ရမယ်။အပြင်ကအတိုးကြီးကြီးနဲ့ယူရတယ်။ဒီသီးနံပေါ်ရင်ပေးပါမယ်ဆိုတဲ့ အကြွေး အကြွေး တွေကအလျဉ်မမီဘူး။အရှုံးပေါ်တဲ့အခါပေါ်တယ်။အရှုံးမပေါ်တဲ့အခါကျတော့လည်းအမြတ်နည်းတယ်။ ဒါတွေက
ဒါတွေက အဲ့ဒီ့ လယ်သမားတွေ ငွေ
ငွေလုံးငွေရင်းကိုလွယ်လွယ်ကူကူနဲ့မရလို့ဘဲ။ပြီးတော့ဒီမှာဆွဲထားတဲ့ဥပဒေတွေကလည်း လယ်သမား တွေရဲ့ မျက်နှာကိုမ
မျက်နှာကိုမကြည့်ဘဲ ပညာရှိကြီးများ၊အရာရှိကြီးများဆိုတဲ့လူတန်းစားတွေကပဲ ကြိုက်သလိုလုပ်ခဲ့တာကို ခံခဲ့ရတဲ့ ခံခဲ့ရတဲ့
လယ်သမားတွေဘဝကအထိနာရတယ်။ဒါကြောင့်မို့လို့ ဒီနေ့ဒီအချိန်မှာ ဒီစန
ဒီစနစ်တွေကိုပြောင်းကြမှာလား၊ပြောင်းအုံးမှာလား”
ဦးသိန်းအောင်(ဥက္ကဌ၊လွတ်လပ်သောတောင်သူလယ်သမားအသင်းချုပ်)

---------------------------------------------------------------------------------------------------------------

“ကျနော်တို့ပဲခူးတိုင်းမှာဆိုရင် ၉လ
၉လပိုင်းမှာကောက်စောစပါးပေါ်ပြီ။ပေါ်တဲ့အချိန်မှာစပါးကအစိုဓါတ်တွေရှိပြီးတော့ မိုးထဲလေထဲ
မိုးထဲလေထဲမှာကြိတ်ရလို့ စပါးအခြောက်ခံစက်တွေလိုလာပြီ။ပြီးတော့ စပါးကလဲ အစိုဓါတ်ရှိတာကြောင့် အခြောက်ခံ
အခြောက်ခံ စက်နဲ့လှမ်းတာကိုဘဲ စပါး၁၀၀ လှမ်းလို့ရှိရင် ၉၀နဲ
၉၀နဲ့၉၂
တင်းလောက်ဘဲရတယ်။အဲ့ကာကိုကာမိဖို့အတွက် ကျနော်တို့ ကဈေးလျှော့ပြီးဝယ်ရတာပါ။ဒါကြောင့် အဲ့ဒီအချိန်မှာ စပါး
၁ စပါး တင်း ၁၀၀ကို ကျပ်၄သိန်းခွဲရှိတယ်ဆိုရင် ကျနော်တို့က ၃သိန်
၃သိန်းဂုသောင်းလောက်နဲ့ဝယ်ရတယ်။ဒါပေမယ့်ပေါ်ပေါ်ချင်းမှာ ခြောက်အောင်လုပ်နိုင်ရင်တော့ဈေးကောင်းရပါတယ်”
ဦးကြည်ထွန်း(ဥက္ကဌ၊ပဲခူးတိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း)

---------------------------------------------------------------------------------------------------------------

“အစိုးရကလည်းလယ်တစ်ဧကကို ၁သိန်းခွဲဘဲထုတ်ချေးထားတာ။အမှန်တကယ်က ၂သိ
၂သိန်းခွဲကုန်တယ်။အဲ့ဒီတော့ ဒီဟာနဲ့ မဧ
မလောက်လို့အပြင်ကနေထက်ယူရတယ်။ပြီးတော့တက်လာတဲ့အစိုးရတွေကလည်းလယ်သမားတွေနဲ့လယ်ယာမြေကဏ္ဍ
မြေကဏ္ဍ ကိုတိုးမြှင့်မယ်လို့ပြောတယ်။ဒါပေမယ့်သူတို့မှာတကယ်ကိုတိကျတဲ့လယ်ယာကဏ္ဍရဲ့မူဝါဒတွေမရှိဘူး။လယ်ယာ
ကဏ္ဍတိုး
တက်ဖို့လုပ်မယ်ဆိုရင်သူတို့လိုအပ်တဲ့စက်ပစ္စည်းတွေကိုအစိုးရကလုပ်ပေးရမယ်။ပြီးတော့လုံလောက်တဲ့ချေးငွေလည်းချ
ငွေလည်းချ ပေးရမယ်” ကိုဘိုတောက်(နိုင်ငံရေးအကျဉ်းသားဟောင်း/လယ်သမားအရေးဆောင်ရွက်သူ)

------------------------------------------------------------------------------------------------------------------

"ကျနော်တို့တိုင်းပြည်ရဲ့အခြေအနေက လက်မှုလယ်ယာကနေစက်မှုလယ်ယာကိုသွားနေတယ်ဆိုပေမယ့် တကယ် လ
တကယ်
လယ်သမားတွေကိုယ်တိုင်စက်မှုလယ်ယာစနစ်ကိုသွားနိုင်နေပြီလား။အဲ့လောက် အရင်းအနှီးတွေသူတို့ဆီမှာရှိနေပြီ လား
ရှိနေပြီ လား။ဒါကပြဿနာတစ်ခု။ပြီးတော့ကျနော်တို့လယ်သမား ၁၀၀မှာ တယောက်ဘဲ လယ်ထွ
လယ်ထွန် စက်ကြီးနဲ့ရိတ်သိမ်းခြွေလှေ့ စက်ဝယ်နိုင်တယ်။ဝယ်ပြီးသွားရင် သူ့အကျိုးစီးပွားအတွက်ဘဲ လယ်တစ်ဧ
လယ်တစ်ဧကကို
၃သောင်းခွဲ၊ အရေးကြီးလာရင် ၅သောင်း ခွဲနဲ့လိုက်လုပ်တယ်။နောက်တဆက်တည်း ထွက်လာတဲ့သီးနံ့တွေကိုပေါ် ပေါ်ချင်
ပေါ်ချင်းမှာဈေးကို နှိမ်တယ်။ဘာကြောင့်လဲဆို တော့အစို
တော့အစိုဓါတ်ရှိလို့တဲ့။ပြီးတော့နောက်ပြဿနာတစ်ခုကအလေးချိန်တွယ်ကိုတိတိကျကျသတ်မှတ်ထားတာကလဲမရှိဘူး။
ရှိဘူး။ နောက်စိုက်ဘဏ်တွေမှာလည်း အစိုးရအောက်မှာရှိတဲ့စနစ်တွေကပြုပြင်ပြောင်းလဲပေးဖို့လိုပါတယ်။ပြီးတော့ ၈ဒသ
။ပြီးတော့ ၈ဒသမ၅ ရာခိုင်နှုန်းနဲ့ထုတ်ချေးပေးတယ်ဆိုပေမယ့်မမြင်ရတဲ့အတိုးတွေကလဲရှိပါတယ်"
ကိုသူရအောင်(လယ်သမားအရေး ဆောင်ရွက်သူ၊ ပဲခူးတိုင်းဝေါမြို့နယ်)

---

"အန်ကယ်တို့တိုင်းပြည်က ခေတ်အဆက်ဆက်ကကူးသန်းရောင်းဝယ်ရေးလုပ်ခဲ့တာမဟုတ်ဘူး။ပိုက်ဆံရှိတဲ့လူတစ်စုက
။တစ်စုက သိုလှောင်ရောင်းဝယ်ရေးဘဲလုပ်ခဲ့တာ။နိုင်ငံတကာဈေးကွက်ကိုမရှာဘူး။အနိမ်ဆုံးဈေးနဲ့ပေါ်တဲ့အချိန်မှာနိမ်ဝ
ယ်မယ်။
နောက်ဆုံးပြည်တွင်းမှာပြန်ရောင်းရင်တောင်အမြတ်များစွာရမယ်။အဲ့လိုစနစ်မျိုးနဲ့သွားခဲ့တာ။အောက်တိုဘာ၊နိုဝင်ဘာ၊ ဒီဇ
နိုဝင်ဘာ၊ ဒီဇ
ဒီဇင်ဘာဆိုရင်အောက်မြန်မာပြည်မှာရှိတဲ့မိုးစပါးကပေါ်တဲ့ရာသီဘဲ။အဲ့ဒီအချိန်မှာကော၁၀သန်းလောက်ကစပါးတပြိုင်နက်

တည်းထွက်တယ်။အဲ့ဒီစပါးတွေပေါ်လာတာနဲ့တပြိုင်နက်တည်းဆန်ကုန်သည်ကြီးတွေက ဈေးကွက်ထဲမှာသူတို့ရဲ့ဆန်
့ဆန်
ဟောင်းလက်ကျန်တွေကို ဆန်တအိတ်ကျပ်၁သောင်းအောက်နဲ့လျှော့ရောင်းလိုက်တယ်။အဲ့တော့ဆန်သစ်ကဒီဈေးနဲ့ ဘ
ဈေးနဲ့ ဘယ်လိုမျှမရနိုင်တော့လယ်သမားကလည်းပေါ်သမျှဈေးနဲ့စပါးကိုရောင်းရတော့တယ်"
ဦးသိန်းအောင်(ဥက္ကဌ၊လွတ်လပ် သောတောင်သူလယ်သမားအသင်းချုပ်)

---

ပရိသတ်-ကိုခင်မောင်လွင် (( အ
အခုအစိုးရတွေလက်ထက်မှာကောလယ်သမားတွေအတွက်တာဝန်ကျေပြီလားလို့မေးရင် တာဝ
တာဝန်မကျေပါဘူး။လယ်သမားတွေအတွက်စိုက်ပျိုးစားရိတ်ချေးငွေကပင်မအဓိကအရေးကြီးဆုံးပါဘဲ။စိုက်ပျိုးစားရိတ်
ရိတ်
ချေးငွေကလဲလုံလောက်မှုမရှိဘူး၊ရပြန်တော့လဲအချိန်နဲ့အခါနဲ့မရဘူး။အဲတော့လယ်သမားတွေအတွက်မျိုးကောင်းမျိုးသန့်
မျိုးသန့် ရရှိဖို့နဲ့စိုက်ပျိုးစားရိတ်ချေးငွေအလုံအလောက်ရရှိဖို့အတွက်အစိုးရကလုပ်ပေးသင့်ပါတယ်))

ပရိသတ်-ကိုဇေယျာ (( လ
လယ်ယာမြေပေါ်မှာလယ်သမားမဟုတ်တဲ့လူတွေလယ်ထဲရောက်နေတဲ့ပြဿနာ။အဲ့တော့အဓိက ပြောချင်တာ ပြောချင်တ
ာကတပ်မတော်ကတပ်ရိက္ခာအတွက်လယ်စိုက်တယ်ဆိုရင်တပ်မတော်အတွက်နိုင်ငံတော်အစိုးရကနေ အသုံး စားရိတ်ဘ

း စားရိတ်ဘတ်ဂျက်တွေရှိပါတယ်။အများဆုံးလည်းယူထားပါတယ်။ကျနော်နိုင်ငံသားတစ်ယောက်အနေနဲ့ပြောချင်တာက
ပြောချင်တာက ကျနော်အခွန်ပိုထမ်းပေးလိုက်ပါမယ်။လယ်သမားတွေပိုင်တဲ့မြေကိုတပ်မတော်အနေနဲ့လုံးလုံးစွန့်ပေးပါ))

---------------------------------------------------------------------------------------------------------------------------

"ပြေလည်မယ့်နည်းလမ်းကတော့ လယ်သမားတွေကိုလယ်ယာမြေအချိုးကျနဲ့အနည်းဆုံး လယ်တစ်ဧကကို
လယ်တစ်ဧကကို ကျပ်၅သိန်း နှုန်း နဲ့မနည်းနှစ်ရှည် ၅နှစ် အရ
၅နှစ် အရစ်ကျဆပ်တဲ့ နှစ်ရှည်ချေးငွေမျိုးနဲ့လယ်သမားကိုကူညီထောက်ပံ့ပေးဖို့လိုပါတယ်။ လယ်သမား
လယ်သမားကို မကူညီဘူးဆိုရင်လယ်ယာကဏ္ဍနဲ့
လယ်သမားဘဝကလက်ရှိကြွေးပြဿနာကိုဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး"
ဦးသိန်းအောင်(ဥက္ကဌ၊လွတ်လပ်သောတောင်သူလယ်သမားအသင်းချုပ်)

---------------------------------------------------------------------------------------------------------------

"လယ်သမားတွေမှာချေးငွေလုံလောက်မှုမရှိသလို မျိုးစပါးလည်းလုံလောက်မှုမရှိပါဘူး။မျိုးစပါးဆိုရင် ၁၉၆၇ခုနှစ်က
၁၉၆၇ခုနှစ်က ရနိုင်တဲ့အခွင့်အရေးဖြစ်တဲ့ (IRRI) အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနအဖွဲ့ အစည်းကြီးကို ဖိလ
ဖိလစ်ပိုင်ကရသွားတယ်။ အဲတော့ဒီအချိန်မှာ ဒီလိုအခွင့်အရေးမျိုးပြန်လည်ရရှိဖို့ နိုင်ငံ
နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကလုပ်ပေးနိုင်မယ်ဆိုရင်ရေရှည်မှာ ကျနော်တို့
ကျနော်တို့လယ်သမားတွေက သားစဉ်မြေးဆက်အထိဘဲ လယ်သ
လယ်သမားတွေရဲ့ဆင်းရဲမွဲတေမှုဘဝကလွတ်နိုင်မယ်လို့ကျနော် ထင်ပါတယ်"
ဦးကြည်ထွန်း(ဥက္ကဌ၊ပဲခူးတိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း)

------------------------------------------------------------------------------------------------------------

"ရာသီ၊ပိုးမွှားတစ်ခုခုကြောင့် ပျက်စီးသွားတဲ့လယ်သမားဆိုရင် ဘဝပျ
ဘဝပျက်တဲ့အထိခံရတက်တယ်။အဲ့ဒါကိုလယ်သမားတွေ အ
အတွက်သီးနှံအာမခံစနစ်တစ်ခုရှိခဲ့မယ်ဆိုရင် အဲ့ဒီလယ်သမားတွေအတွက်ဆုံးရှုံးမှုနစ်နာမှုက အတော်လေး
အတော်လေးထေမိမှာပေါ့ နော်။ဒီနေရာမှာ စစ်ကိုင်းတိုင်းရွှေဘိုလို ဆည်ရေသွင်းပြီးရေတော်မိုးတော် လုံးဝရာသီဥတု ေ
တော် လုံးဝရာသီဥတု ကြောင့်မပျက်စီးနိုင်တဲ့နေရာ မှာသီးနှံအာမ
မှာသီးနှံအာမခံကိုအတင်းလုပ်ခိုင်းပြီး ရာသီဥတုကြောင့်ပျက်စီးနိုင်တဲ့ ပဲခူး၊ဧရာဝ
ပဲခူး၊ဧရာဝတီတိုင်းနဲ့ ရခိုင်တို့လိုနေရာမျိုးမှာလုပ်ခွင့် မရရင်
မရရင်တော့ဖြင့် ဒါကကယ်မရာမဟုတ်ဘဲနဲ့အကြောင်းတရားတစ်ခုခုကိုဖော်ပြီး စီးပွားရေး လုပ်စားတာဘဲဖြစ်ပါအုံးမယ်"
ဦးသိန်းအောင်(ဥက္ကဌ၊လွတ်လပ်သောတောင်သူလယ်သမားအသင်းချုပ်)

------------------------------------------------------------------------------------------------------------------

ပရိသတ်-ဦးဇော်လွင်-လယ်သမား (( ကျနော်လယ် ၇ဧက
၇ဧကရှိပြီး ပထ
ပထမနှစ်ဘဏ်ချေးငွေလျှောက်ရာမှာ၇ဧကစာချေးပါတယ်။ ကျန်တဲ့ နှစ်တွေမှာ လယ် ၆ဧကချေးပြီး လယ် ၄ဧကေ

လယ် ၄ဧကဈေးပါတယ်။အဲ့လိုဈေးလို့ရပါသလားဆိုတာကိုသိချင်တာပါ။ပြီးတော့ ကြာ
ကြာလာရင်လယ်ပါပျောက်မယ့်တောင်သူတစ်ယောက်ဖြစ်နေပါပြီ ))

ပရိသတ်-ဦးမြင့်စိုး-လယ်သမား ((
(( လယ်သမားများမှာ စိုက်ဘဏ်ဈေးငွေကိုလယ်ယာစိုက်ပျိုးစားရိတ်အတွက်အသုံးမပြုရ ပါ။ဘ
ပါ။ဘဏ်ထုတ်ပြီးတာနဲ့ငွေတစ်ရာကျပ်ကို ၄
၄၂ပြားနှုန်းနဲ့ကြွေးတင်နေပါတယ်။အခုအစိုးရလက်ထက်မှာတော့ ၆၂ပြားနှုန်း တင်နေ
တင်နေပါတယ်။ဒါကြောင့်လယ်သမားတွေမှာ အရင်
အရင်းရှင်ကြီးတွေကဈေးပြီး စို
စိုက်ဘဏ်ကိုပြန်စိုက်၊ စိုက်ဘဏ်ကဈေးပြီး အရင်းရှင်ကြီးတွေကိုပြန်ဆပ်နဲ့အကြွေးသံသရာလည်နေပါတယ် ))

ပရိသတ်-ဦးကြည်နိုင်-လယ်သမား (( ကျနေ
ကျနော်တို့မှာ လ
လယ်လုပ်သားရှားပါးမှုကိုအဓိကတွေ့ကြုံနေရပါတယ်။ဒါကြောင့်ဘဲ လယ်ဧ
လယ်ဧကတွေကမညီမညာဖြစ်လို့အပျက်အစီးတွေများရတယ်။ပြီးတော့နှစ်တိုင်းနှစ်တိုင်းလယ်လုပ်သားရှားပါးမှုက တိုးလာ
။က တိုးလာတော့မှာဖြစ်ပြီး ကောက်စိုက်စက်တွေလိုလာမှာဖြစ်လို့ ဒါတွေကိုကြိုတင်ပြင်ဆင်ဖို့အတွက် နိုင်ငံတော်က ဘ
နိုင်ငံတော်က ဘယ်လိုများလုပ်ထားမလဲဆိုတာသိချင်ပါတယ်))

ပရိသတ်-ဦးပရာဆပ် ပင်စင်စားဝန်ထမ်း (( ကျနော့်လယ်ကို သူများအားသီးစားချထားခဲ့ပြီးနောက် အခြားသူအမည်နဲ့ ပုံစံ
ပုံစံ ၇ထုတ်ပေးခဲ့ပါတယ်။ဒီ့အတွက် ကျနော်က ကန့်ကွက်စာတင်သော်လည်း ကျနော့်လယ်ကွက်ကို ပြန်မရခဲ့ပါ))

---

"လယ်ယာမြေနဲ့ပတ်သတ်ပြီးဆက်နွယ်နေတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦး
ဆည်မြောင်းဦးစီးဌာန မွေးမြူရေးဌာန ဒီဌာန၄
ဒီဌာန၄ခုလုံးနဲ့ဆက်စပ်နေတယ်။၂၀၁၂လယ်ယာမြေဥပဒေအားနည်းမှုကြောင့် ဒီလယ်သမားတွေ ပုံစံ၇ ထွက်တဲ့နေရာ
ထွက်တဲ့နေရာမှာ တ
တစ်ကွက်ထဲကို
၂ယောက်အမည်ဖြစ်နေတယ်။ပြီးတော့ပိုင်ဆိုင်သေးရဲ့သားနဲ့မပိုင်ဆိုင်တာတွေ။ အဲ့ဒါ အဲ့ဒါတွေကိုလယ်စီကော်မတီဆိုပြီးဖွဲ
့လိုက်တဲ့အဖွဲ့က
လုပ်ပိုင်ခွင့်နဲ့အခွင့်အာဏာတွေကတော်တော်လေးကိုများနေတယ်။ ၂ယောက်ထက်နေတဲ့ပြဿနာအငြင်းပွားမှုကိုဖြေရှင်
းမှုကိုဖြေရှင်းတဲ့နေရာမှာ အုပ်ချုပ်ရေးမှူးက လယ်စီအ
လယ်စီအဖွဲ့ဥက္ကဌနဲ့သွားဖြေရှင်း တယ်။ပြီးတော့သူပေးချင်တဲ့သူကိုပေးလိုက်တယ်"
ကိုဘိုတောက်(နိုင်ငံရေးအကျဉ်းသားဟောင်း/ လယ်သမားအရေး ဆောင်ရွက်သူ)

---

"ပုံစံဂုန်နဲ့ပတ်တတ်တဲ့ပြဿနာက ထင်ထင်ရှားရှားပြောရရင် လာဘ်ပေးလာဘ်ယူရှိနေလို့ဖြစ်ရတဲ့ကိစ္စပါ။ပြီးတော့ ကျနော်တို
ကျနော်တို့ ရဲ့တိုင်းပြည်ကစိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်လို့ တက်လာတဲ့
တက်လာတဲ့အစိုးရကလယ်ယာကဏ္ဍဖွံ့ဖြိုးချင်တယ်ဆိုရင်လယ်သမား  တွေကိုမျက်နှာမူကြည့်လိုက်ပါ။လယ်သမားတွေရဲ
့ဘဝနေ့တရူဝပြေလည်နေတယ်ဆိုရင်ဒီတိုင်းပြည်ရဲ့စီးပွားရေးကလည်း တက်လာမှာဘဲ"
ကိုသူရအောင်(လယ်သမားအရေးဆောင်ရွက်သူ၊ ပဲခူးတိုင်းဝေါမြို့နယ်)

---------------------------------------------------------------------------------------------------------------------------

အဆုံးသတ်-

---------------------------------------------------------------------------------------------------------------------------